Embaixada da República da União de Myanmar
SHIS – QI 07 – CONJUNTO 09 – CASA 02
CEP 71615–290 – BRASILIA– DF
TEL: 3554 2374– FAX: 3364 2747
Email: mebrasilia@gmail.com

# မြန်မာသင်္ဘောသားများအတွက်အသိပေးကြေညာချက်

COVID–19 ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာသွားသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော မြန်မာသင်္ဘောသားများသည် စာချုပ်သက်တမ်း ပြည့်ပြီးဖြစ်သော်လည်း မိခင်နိုင်ငံသို့ပြန်နိုင်ခြင်းမရှိဘဲ သင်္ဘောပေါ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရလျက်ရှိရာ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုး ဆောင်ရွက်နိုင်ရေးနှင့် မည်သူမည်ဝါဖြင့်ကြောင်း သက်သေခံလက်မှတ်(C of I)ထုတ်ယူနိုင်ရေးတို့အတွက် မြန်မာသံရုံးရှိသော နိုင်ငံများသို့ရောက်ရှိချိန်၌ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်း(၆)လထက်လျော့နည်းနေပါက သက်ဆိုင်နိုင်ငံများမှ ကမ်းတက်ခွင့်မရှိခြင်း၊ ပြည်ဝင်ဗီဇာမပေးခြင်း၊ လေယာဉ်ပေါ်လိုက်ပါခွင့်မပြုခြင်းများကြောင့် အထက်ဖော်ပြပါကိစ္စရပ်းများကို လုပ်ဆောင်ရန်ခက်ခဲလျက်ရှိပါ၍ မြန်မာသင်္ဘောသားများအနေဖြင့် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I) လျှောက်ထားခြင်းကိစ္စရပ်များအား သင်္ဘောသားများမှ ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်သွားရန် (သို့) Online မှ လျှောက်ထားရယူနိုင်ပါကြောင်း၊ COVID–19 ကမ္ဘာ့ကပ်ရောဂါထိမ်းချုပ်ကာလတွင် Onboard သင်္ဘောသားများ၏ နိုင်ငံကူးလက်မှတ်(Passport) သက်တမ်းတိုးဆောင်ရွက်ပေးရေးကိစ္စနှင့်ပတ် သက်၍ သင်္ဘောသားများလူကိုယ်တိုင်လာရောက်ဆောင်ရွက်ခြင်းအစား မြန်မာသင်္ဘောသား၏ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## (က) နိုင်ငံကူးလက်မှတ် သက်တမ်းတိုးအသစ်ထုတ်ရန်လျှောက်ထားခြင်း

၁။ နိုင်ငံကူးလက်မှတ်အသစ်လျှောက်လွှာ
၂။ နိုင်ငံကူးလက်မှတ်တွင်ရေးသွင်းရမည့်ကိုယ်ရေးအချက်အလက်ပုံစံအသစ်လျှောက်လွှာ
၃။ နိုင်ငံကူးလက်မှတ်အသစ်ကြေး
၄။ နိုင်ငံကူးလက်မှတ်ပြန်ပို့ရန် DHL ပို့ခ

## (ခ) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I) လျှောက်ထားခြင်း

၁။ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I) လျှောက်လွှာ
၂။ 2 inch x 2 inch size ရောင်စုံဓာတ်ပုံ(၂)ပုံ

Embassy of the Republic of the Union of Myanmar in Brasilia

အီးမေးလ်   mebrasilia@gmail.com
ဝက်ဘ်ဆိုက်   Myanmarbsb.org

မြန်မာသံရုံး၊
ဘရာဇီးလျားမြို့။

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်